ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်

မြန်မာ့ရှေ့ဆောင်လမ်းပြကြယ်ကုမ္ပဏီလီမိတက် မြေဧရိယာ (၅၉.၂၇) ဧကကျယ်ဝန်းသော
သတ္တုလုပ်ကွက်တွင်မြေဖယောင်းတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက်
တင်ပြလာသောပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)၏

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
# (Environmental Compliance Certificate–ECC)

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၄၀၅ ) ရက်စွဲ ။ ၂၀၂၃ခုနှစ် ၊ စက်တင်ဘာလ ၂၂ ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ် (Environmental Compliance Certificate – ECC) ကို ထုတ်ပေးလိုက်သည်-

(က) **စီမံကိန်းအဆိုပြုသူ** - ဒေါ်သင်းအေးမောင်မောင်<br>မန်နေးဂျင်းဒါရိုက်တာ<br>မြန်မာ့ရွှေဆောင်လမ်းပြကြယ် သတ္တုတူးဖော်ရေး<br>ကုမ္ပဏီလီမိတက်

(ခ) **ဆက်သွယ်ရန် လိပ်စာ** - အမှတ်(၂၁)၊ သီရိဟေမာလမ်း၊ ဇဝနရပ်ကွက်၊<br>သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊<br>၀၉-၅၁၄၉၉၉၇

(ဂ) **စီမံကိန်းအမျိုးအစား** - မြေဖယောင်းတူးဖော်ထုတ်လုပ်ခြင်း

(ဃ) **စီမံကိန်းကာလ** - အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့် သက်တမ်း<br>ကာလ

(င) **စီမံကိန်း၏ အရွယ်အစား** - ၅၉.၂၇ ဧက

(စ) **စီမံကိန်းတည်နေရာ** - မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊<br>စီးရေကုန်းဒေသရှိ မြေဖယောင်း တူးဖော်<br>ထုတ်လုပ်ရေး လုပ်ကွက်

(ဆ) **ECC သက်တမ်း** - (၅)နှစ်<br>စတင်ထုတ်ပေးရက် - ၁၈-၁၁-၂၀၂၂<br>သက်တမ်းကုန်ဆုံးရက် - ၁၇-၁၁-၂၀၂၇

(ဇ) **အတည်ပြုအစီရင်ခံစာ** - အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၏ ၂-၁၀-၂၀၂၂<br>ရက်စွဲပါ စာအမှတ်၊ ၁၀၇၂၇/ ၈၈၇/ ထလရ-၁/<br>(၀၇) / မမရဆ/ ၂၀၂၂

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံ တစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

၁၂.၉.၂၀၁၇

(လှမောင်သိန်း)
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ (က)

# မြန်မာ့ရှေ့ဆောင်လမ်းပြကြယ်ကုမ္ပဏီလီမိတက်၏ မြေဖယောင်းတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းစီမံကိန်းအကြောင်းအရာ

၁။ မြန်မာ့ရှေ့ဆောင်လမ်းပြကြယ် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ စီးရေကုန်းဒေသရှိ မြေဧရိယာ (၅၉.၂၇) ဧက မြေဖယောင်းတူးဖော် ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် အမှတ် (၁) သတ္တုတွင်းလုပ်ငန်းမှတစ်ဆင့် ၂-၁၀-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ၁၀၇၂၇/ ၈၈၇/ ထလရ-၁/ (၀၇) / မမရဆ/ ၂၀၂၂ဖြင့် တင်ပြထားသည့် အပြီးသတ် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan - EMP)ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ထုတ်ပေးခြင်း ဖြစ်သည်။


၂။ **စီမံကိန်းအဆိုပြုသူ။** ဒေါ်သင်းအေးမောင်မောင်၊ မန်နေးဂျင်းဒါရိုက်တာ ၊ အမှတ် (၂၁)၊ သီရိဟေမာလမ်း၊ ဇဝနရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဖုန်း၊ ၀၉-၅၁၄၉၉၉၇ မြန်မာ့ရှေ့ဆောင်လမ်းပြကြယ် သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက် ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်း၏ လုပ်ငန်းဆောင်ရွက်မှုနည်းစဥ်မှာ လုပ်ကွက်ဧရိယာအတွင်း အပိုင်း (၄)ပိုင်း စုစုပေါင်းမြေဧရိယာ (၁၉.၆၈) ဧကအား Mine Lease ဧရိယာသတ်မှတ်၍ Open Cut Mining Method ဖြင့်တူးဖော်ထုတ်လုပ်မည်ဖြစ်ပြီး တူးဖော်ပြီး ပြန်လည်ဖို့ပေးသော Cut and Filling Method ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** တစ်နှစ်လျှင် ဒီဇယ် (၅၁၃၀) ဂါလံ၊ သောက်သုံးရေ(၃၆၀၀) ဂါလံနှင့် သုံးရေ (၁၅၀၀၀)ဂါလံခန့် အသုံးပြုဆောင်ရွက်မည် ဖြစ်ပါသည်။

၅။ **စီမံကိန်းတည်နေရာ။** မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ စီးရေကုန်းဒေသရှိ ခန့်မှန်းမြေပုံအညွှန်း၊ 84-O/14 A (390, 080), B (396, 376), C (392, 372), D (389, 375)၊ ဖြစ်ပါသည်။

## မြန်မာ့ရှေ့ဆောင်လမ်းပြကြယ်သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်မှ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ စီးရေကုန်းဒေသရှိ မြေဧရိယာ (၅၉.၂၇) ဧက ကျယ်ဝန်းသော မြေဖယောင်းတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် လုပ်ငန်းအခြေပြမြေပုံ



နောက်ဆက်တွဲ (ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များ နှင့် အထွေထွေစည်းကမ်းများ

**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

၆။ စီမံကိန်းအဆိုပြုသူက အမှတ် (၁) သတ္တုတွင်းလုပ်ငန်းမှတစ်ဆင့် ၂-၁၀-၂၀၂၂ ရက်စွဲပါ စာအမှတ်၊၁၀၇၂၇/၈၈၇/ ထလရ-၁/ (၀၇) / မမရဆ/ ၂၀၂၂ ဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက် ရမည်။

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်း အဆိုပြုသူသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားဥပဒေ၊ နည်းဥပဒေများ၊ မူဝါဒများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** လုပ်ကွက်ဧရိယာအတွင်း အပိုင်း (၄)ပိုင်း စုစုပေါင်းမြေဧရိယာ (၁၉.၆၈) ဧကအား Mine Lease ဧရိယာသတ်မှတ်၍ Open Cut Mining Method ဖြင့်တူးဖော်ထုတ်လုပ်မည်ဖြစ်ပြီး တူးဖော်ပြီး ပြန်လည် ဖို့ပေးသော Cut and Filling Method ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြေဖယောင်း (စက်မှုတွင်းထွက်ကုန်ကြမ်း) သယ်ယူရာကားလမ်းများအား ရေဖြန်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်၊

(၂) ယာဉ်/ ကားများအား ရေဆေးခြင်း၊ မော်တော်ယာဉ်များ အရှိန်လျှော့ မောင်းနှင်ခြင်းတို့ကို ဆောင်ရွက်သွားရန်၊

(၃) မြေဖယောင်း သယ်ယူရာတွင် မိုးကာစများ ဖုံးအုပ်၍ သယ်ယူသွားရန်၊

(၄) စုပုံကွင်း ပတ်ဝန်းကျင်တွင်အကာအရံများပြုလုပ်ထားရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်ကန်အတွင်း အက်စစ်ဓာတ်လျော့နည်းစေရန် ထုံးကျောက် (သို့) ထုံးထည့် ပြီး pH (၆-၉) အတွင်းရှိမှသာ စွန့်ပစ်ခြင်းနှင့် ရေ၏ pH ကို pH Meter ဖြင့် စစ်ဆေးဆောင်ရွက်သွားရန်၊

(၂) လုပ်ကွက်နှင့် ရေသွားလမ်း/ မြောင်းတို့အကြား ကြားခံနယ်များ ထားရှိဆောင်ရွက်ခြင်းနှင့် ရေလွှဲမြောင်း/ ရေနုတ်မြောင်းစနစ်များထားရှိသွားရန်၊

(၃) လုပ်ငန်းမှ စွန့်ပစ်ပစ္စည်းများကို ရေသွားလမ်းကြောင်းများသို့ တိုက်ရိုက်စွန့်ပစ်မှုအား ရှောင်ကြဉ်ခြင်းနှင့် တိုက်စားမှု/ အနည်အနှစ်ကျမှု မဖြစ်စေရန် လုပ်ငန်းအသုံးပြု ဆက်သွယ်ရေးလမ်းများကို ချောင်းနှင့်ရေသွားလမ်းတို့အား ရှောင်ကြဉ်၍ ဖောက်လုပ်သွားရန်၊

(င) **မြေအရည်အသွေးစီမံခန့်ခွဲမှု။** မြေအရည်အသွေး စီမံခန့်ခွဲမှု အစီအစဉ်နှင့် စပ်လျဉ်း၍ မြေထုပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို လျှော့ချနိုင်ရန် လျော်စားမှုအသွင် စိုက်ခင်းနှင့် သီးခြားတောရှင်းရန် မလိုသော ကွက်လပ်ဖြည့်နေရာများတွင် ဒေသနှင့်ကိုက်ညီသော သစ်မျိုးကောင်းများ စိုက်ပျိုးခြင်းနှင့် လုပ်ငန်းပိတ်သိမ်းချိန်တွင် အချိုးကျစိုက်ပျိုးခြင်းများဆောင်ရွက်သွားရန်၊

(စ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အသံထိန်းကိရိယာ တပ်ဆင်ထားသော စက်များ အသုံးပြုသွားရန်၊

(၂) နေ့အချိန်တွင်သာ လုပ်ငန်းဆောင်ရွက်မှုများ ပြုလုပ်သွားရန်၊

(၃) ကားများအား အရှိန်လျှော့၍ မောင်းနှင်စေရန်၊

(၄) အသုံးပြုမည့် အင်ဂျင်များ၏ ကြံ့ခိုင်မှုအား စဉ်ဆက်မပြတ် စစ်ဆေးမှုများ ပြုလုပ်သွားရန်၊

(ဆ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ထွက်ရှိလာသည့် အပေါ်ယံမြေသားများအား တူးဖော်ပြီးသည့်နေရာများတွင် အစားထိုးဖြည့်ဆည်း၍ ယင်းနေရာများအပေါ် သီးခြားစုပုံထားသော Top Soil များအား ဖုံးအုပ်၍ အစားထိုးသစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်းများ ပြုလုပ်သွားရန်၊

(၂) စားဖိုဆောင်နှင့် ရေချိုးကန်တို့မှ ထွက်ရှိလာသောရေများကို (၁၀) ပတ်လည် (၅) ပေ အနက်ကျင်းတူး၍ စနစ်တကျ စွန့်ပစ်သွားရန်၊

(ဈ) **ဇီဝမျိုးစုံမျိုးကွဲများစီမံခန့်ခွဲမှု။** ဇီဝမျိုးစုံမျိုးကွဲများစီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ သစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်း၊ သားငါးတိရစ္ဆာန်များအား သတ်ဖြတ်ခြင်း မရှိစေရန် အသိပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်သွားမည်ဖြစ်သည်။

(ဈ) **ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ယင်လုံအိမ်သာများ ဆောက်လုပ်စေပြီး စနစ်တကျ အညစ်အကြေး စွန့်ပစ်စေရန်၊

(၂) စားကြွင်းစားကျန်များအား အလျား (၁၀) ပေ၊ အနံ (၈) ပေ၊ အနက် (၅) ပေရှိ စွန့်ပစ်ကန်တူး၍ စွန့်ပစ်ခြင်း၊ ငှက်ဖျားနှင့် အသည်းရောင်ရောဂါ ကာကွယ်ဆေးများ တိုက်ကျွေး/ ထိုးနှံခြင်းများ ပြုလုပ်သွားရန်၊

(၃) လုပ်ငန်းခွင် ကျွမ်းကျင်မှုရှိစေရန် သင်ကြားခြင်း၊ မီးဘေးအန္တရာယ် ကာကွယ်နိုင်ရန် လေ့ကျင့်သင်ကြားခြင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်ပါက ဆောင်ရွက်နိုင်ရန် လေ့ကျင့်သင်ကြားခြင်း၊ အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက ကာကွယ်နိုင်ရန် လေ့ကျင့်သင်ကြားပေးခြင်းတို့ ဆောင်ရွက်သွားရန်၊

(၄) မီးဘေးကာကွယ်ရေးလုပ်ငန်းများအတွက် စီမံချက်ရေးဆွဲခြင်း၊ မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းခြင်း၊ မီးတားလမ်းဖောက်လုပ်ခြင်း၊ မီးချိတ်မီးကပ်နှင့် မီးသတ်ဆေးဘူးများ လုံလောက်စွာ ထားရှိခြင်းများ ဆောင်ရွက်သွားရန်၊

(၅) လုပ်ငန်းခွင်နေရာများတွင် ခြံစည်းရိုးနှင့် လုံခြုံစိတ်ချရသော အတားအဆီးများ ဆောင်ရွက်ထားပြီး သတိပေးဆိုင်းဘုတ်များ ထားရှိရန်၊

(၆) အန္တရာယ်ကျရောက်နိုင်သည့်နေရာတွင် သွားရောက်အလုပ် မလုပ်မီ လုပ်သားများအတွက် အန္တရာယ်ဖြစ်စေနိုင်မည့် အခြေအနေများနှင့် မြေပြင်အခြေအနေကို ကြိုတင်စစ်ဆေးခြင်းများဆောင်ရွက်သွားရန်၊

(ည) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) သဘာဝဘေးအန္တရာယ်ကျရောက်ပါက လုပ်ဆောင်ရမည့် ကယ်ဆယ်ရေး လုပ်ငန်းများအား စီမံချက်ရေးဆွဲထားရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများအတွက် လိုအပ်သော ပစ္စည်းကိရိယာများ ကြိုတင်စုဆောင်းထားရန်၊

(၂) တံတားဦးမြို့နယ် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနသို့ ညှိနှိုင်းတင်ပြ၍ လုပ်ကွက်မန်နေဂျာ၊ လုပ်သားခေါင်းဆောင်နှင့် ဝန်ထမ်းတို့အား အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ရက်တိုသင်တန်းများ ပေးထားရန်၊

(၃) တံတားဦးမြို့နယ်၊ ကြက်ခြေနီအဖွဲ့နှင့် ဆက်သွယ်၍ ရှေးဦးသူနာပြုစုနည်း သင်တန်းပေးခြင်း၊ ဇတ်တိုက်လေ့ကျင့်ခြင်းများ ပြုလုပ်ပေးသွားရန်၊

(ဌ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြေထုအရည်အသွေးအား စွန့်ပစ်မြေစာပုံများ အနီးဝန်းကျင်ရှိ စွန့်ပစ်မြေစာပုံ နေရာနှင့် လယ်ယာမြေများတွင် Copper, Pb, Zn, Cd, Fe, Mercury, Arsenic, pH, တို့အား (၆) လလျှင် (၁) ကြိမ် တိုင်းတာစစ်ဆေးသွားရန်၊

(၂) မြေပေါ်ရေအရည်အသွေးအား လုပ်ကွက်အနီးရှိ ဓိးချောင်းကျေးရွာရှိ ရေကန်တွင် pH, Iron, Sulphate, Chloride, Lead, Arsenic, Zinc, Copper, Total Hardness, Total Suspended Solids, Total Dissolved Solids တို့အား (၆) လလျှင် (၁) ကြိမ် တိုင်းတာစစ်ဆေးသွားရန်၊

(၃) စွန့်ပစ်ရေအရည်အသွေးအား လုပ်ကွက်အတွင်းရှိ စွန့်ပစ်ရေကန်တွင် pH, Chemical Oxygen Demand, Total Dissolved Solids (TDS), Chromium (Hexavalent), As, Cu, Zn, Fe, Pb, Hg တို့အား (၆) လလျှင် (၁) ကြိမ် တိုင်းတာ စစ်ဆေးသွားရန်၊

(၄) လေအရည်အသွေးအား လုပ်ကွက်ဧရိယာအတွင်းနှင့် လုပ်ကွက်အတွင်း ကာဗွန် ဓာတ်ငွေ့ ထွက်ရှိမှုနှင့် ဖုန်မှုန့်ထွက်ရှိသည့်နေရာများတွင် NOx, $SiO_2$, $PM_{10}$, $PM_{2.5}$, CO, $CO_2$ တို့အား (၆) လလျှင် (၁) ကြိမ် တိုင်းတာစစ်ဆေးသွားရန်၊

(၅) ဆူညံသံအရည်အသွေးအား လုပ်ကွက်နှင့် ဆက်စပ်ဧရိယာတွင် (၆) လလျှင် (၁) ကြိမ် တိုင်းတာစစ်ဆေးသွားရန်၊

(၆) လူမှုရေးနှင့် ကျန်းမာရေးကိစ္စရပ်များကို လုပ်ကွက်နှင့် ဆက်စပ်လျက်ရှိသော အနီးပတ်ဝန်းကျင် ကျေးရွာများတွင် ကျန်းမာရေးဆိုင်ရာ ထိခိုက်မှု ရှိ/ မရှိ၊ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးနှင့် အလုပ်သမားများ၏ လူမှုစီးပွား (ပညာရေး၊ ကျန်းမာရေး) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသ လိုအပ်ချက်နှင့် ချိန်ညှိ၍ ကျေးရွာလူမှုအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကို (၆) လ (၁) ကြိမ်ပြုလုပ်သွားရန်၊

(ဠ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် မိုင်းပိတ်သိမ်းခြင်း အစီအစဉ်အတွက် တာဝန်ယူ ဆောင်ရွက်မည့် အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်း ဆောင်ရွက်ရမည်။

(ဍ) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း ကို အတည်ပြုအစီရင်ခံစာပါ ကတိကဝတ် ဖော်ပြချက်နှင့်အညီ လိုက်နာဆောင်ရွက် သွားရမည်။

(ဎ) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အတွက် ရန်ပုံငွေကျပ် (၁၀,၀၀၀,၀၀၀) လျာထား သုံးစွဲရန်၊

(၂) ထိခိုက်မှုနှင့် လျော့ပါးစေရေး ဆောင်ရွက်မည့်အစီအစဉ်အတွက် ရန်ပုံငွေကျပ် (၈,၀၀၀,၀၀၀) လျာထားသုံးစွဲရန်၊

(၃) ဒေသဖွံ့ဖြိုးရေးနှင့် လူမှုဖွံ့ဖြိုးရေး ဆောင်ရွက်မှု အစီအစဉ်အတွက် (၁၀,၀၀၀,၀၀၀) လျာထားသုံးစွဲရန်၊

(၄) အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း အစီအစဉ်အတွက် ရန်ပုံငွေကျပ် (၁,၅၀၀,၀၀၀) လျာထားသုံးစွဲရန်၊

(၅) မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကုမ္ပဏီမှ ရန်ပုံငွေကျပ် (၄,၀၀၀,၀၀၀) လျာထားသုံးစွဲရန်၊

(ဏ) **မိုင်းပိတ်သိမ်းခြင်းစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းစတင်ချိန်မှစ၍ Top Soil နှင့် Tailing များအား Dumping Site တွင် စနစ်တကျ စုပုံ၍ Test Hole, Drill Hole များအတွင်း ဖြည့်တင်းသွားရန်၊

(၂) မြေသားပြိုကျနိုင်သော နံရံများ၊ တောင်စောင်းများရှိပါက သစ်ပင်များ စိုက်ပျိုး၍ မြေထိန်းခြင်းတို့ ပြုလုပ်မည်ဖြစ်ပြီး လိုအပ်လာပါက မြေထိန်းနံရံများ ပြုလုပ်ပေးသွားရန်၊

(၃) တူးဖော်ထားသည့် ကျင်းများ၊ ချိုင့်များအား မြေဖို့ခြင်း၊ မြေညှိ၍ အပေါ်ယံမြေဆီလွှာများ ဖုံးအုပ်ပြီး ဒေသနှင့်ကိုက်ညီပြီး အရိပ်ရ၍ အကြီးမြန်သစ်ပင်များကို ပြန်လည်စိုက်ပျိုးသွားရန်၊

(၄) တူးဖော်ပြီးဆုံးချိန်တွင် ဆောက်လုပ်ထားသော အဆောက်အဦများ ဖျက်သိမ်းသယ်ယူခြင်း၊ ယာဉ်စက်ယန္တရားများအား အခြားစီမံကိန်းသို့ ပြောင်းရွှေ့ခြင်း၊ လူ့အသုံးအဆောင်ပစ္စည်းနှင့် စွန့်ပစ်ပစ္စည်းများအား တွင်းတူး၍မြေမြှုပ်သွားရန်၊

(၅) လုပ်ငန်းများ ပြီးဆုံးချိန်တွင် ဖြစ်ပေါ်ခဲ့သော Impact များကို ဓာတ်ခွဲစစ်ဆေးသွားမည်ဖြစ်ပြီး Background Value နှင့် တိုက်ဆိုင်စစ်ဆေး၍ လိုအပ်ပါက Neutralization ဆောင်ရွက်သွားရန်၊

(၆) လုပ်ကွက်ဧရိယာအတွင်း ဖောက်လုပ်ထားသော လမ်းများအား ပြန်လည်ပြုပြင်ပေးခြင်း၊ မြေဖို့ခြင်းများ ပြုလုပ်သွားရန်၊

(၇) စီမံကိန်းအနီးရှိ လုပ်ကွက်နှင့် ဆက်စပ်နေသော ဧရိယာရှိ ချောင်းများ၊ ရေတွင်းရေကန်များ၊ ရေထွက်ပေါက်များမှ ရေနမူနာများရယူ၍ တိုင်းတာစစ်ဆေးသွားရန်၊

(၈) မိုင်းပိတ်သိမ်းခြင်းအသေးစိတ်အစီအစဉ်အား မိုင်းမပိတ်သိမ်းမီ (၁) နှစ် အလိုတွင် ဝန်ကြီးဌာနသို့ တင်ပြအတည်ပြုချက် ရယူသွားရန်၊

**ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၁) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှု ဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ ၊မြန်မာနိုင်ငံ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀) ၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်း အဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စီမံကိန်း ကတိကဝတ်အားလုံးနှင့် စည်းကမ်းချက်များကိုအပြည့်အဝ အကောင်အထည်ဖော်ရမည့်အပြင် ယင်း၏ကိုယ်စား စီမံကိန်းကို ဆောင်ရွက်ပေးသူ ကန်ထရိုက်တာနှင့် လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာများ အားလုံးသည် စီမံကိန်း အတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ဤလုပ်ထုံးလုပ်နည်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စည်းကမ်းချက်များ အားလုံးကို အပြည့်အဝ လိုက်နာဆောင်ရွက်ရန်၊

(၂) အစီရင်ခံစာတွင် ဖော်ပြထားသော ကတိကဝတ်များအား အပြည့်အဝ လိုက်နာ ဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ ကုမ္ပဏီ၏ မူဝါဒများ၊ စီမံကိန်းနှင့် သက်ဆိုင်သော မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေတို့ကို လိုက်နာဆောင်ရွက်ရန်၊

(၃) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်း ရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက် နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု 3 dBA ထက် မကျော်လွန်စေရေး လိုက်နာ ဆောင်ရွက်ရန်နှင့် မည်သည့်ဖောက်ခွဲမှုတွင်မဆို 120 dB Linear ထက် မကျော်လွန်စေရန်၊ မြေတုန်ခါမှုအတွက် 5mm/s (Peak Particle Velocity– ppv) ထက်မကျော်လွန်စေရန်နှင့် ဖောက်ခွဲခြင်းကို နေ့အလင်း ရောင် ရှိသည့် အချိန်တွင်သာ ပြုလုပ်ရန်၊

(၅) စွန့်ထုတ်အရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၂.၇.၂ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၆) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်း အစီအစဉ်(၂၀၂၀)အရ စွန့်ပစ်ပစ္စည်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ထားရှိရန်-

(၁) အစီရင်ခံစာတွင် စီမံကိန်းဆောင်ရွက်ခြင်းမှ စွန့်ပစ်ကျောက် တန် (၁၀၀၀) ခန့် ထွက်ရှိမည်ဟု ထည့်သွင်းဖော်ပြထားသောကြောင့် အဆိုပါစွန့်ပစ်ကျောက် များကြောင့် ရေစီးရေလာ ပိတ်ဆို့မှု၊ နုန်းအနည်ကျမှုနှင့် ရေကြီးရေလျှံမှု မဖြစ်စေရန် စွန့်ပစ်မြေစာများကို မြစ်၊ ချောင်း၊ မြောင်းများမှ အနည်းဆုံးပေ (၃၀၀) အကွာတွင် စွန့်ပစ်မြေစာပုံကွင်းများ ပြုလုပ်၍ စနစ်တကျ စွန့်ပစ်ရန်နှင့် ရေစီးရေလာ ပိတ်ဆို့မှုများ မရှိစေရေး ရှင်းလင်းခြင်းများ ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်မြေစာများ၊ ဓာတုစွန့်ပစ်ပစ္စည်း၊ လုပ်ငန်း ဆောင်ရွက်ရာတွင် အသုံးပြုသော အင်ဂျင်စက်နှင့် သယ်ပို့ယာဉ်များမှ ထွက်ရှိသည့် စက်သုံးဆီ၊ ချောဆီ၊ အင်ဂျင်ဝိုင် များအား ယိုဖိတ်မှုနည်းစေရန်နှင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် စနစ်တကျ အလေအလွင့် အနည်းဆုံးဖြစ်အောင် သုံးစွဲရန်နှင့် မြေပေါ်၌ စွန့်ပစ်ခြင်းမပြုရန်၊

(၃) စွန့်ပစ်အမှိုက်များအား လေဟာပြင်မီးရှို့ခြင်းများ မပြုလုပ်ဘဲ မြေကျင်းများတူး၍ စနစ်တကျစွန့်ပစ်ရန်နှင့် အခြားစွန့်ပစ်ပစ္စည်းများအား အမှိုက် အမျိုးအစားများခွဲ၍ စနစ်တကျ စွန့်ပစ်ရန်၊

(၄) မိုးရာသီ မိုးရွာသွန်းစဉ် စွန့်ပစ်မြေစာပုံမှ မြေတိုက်စား၍ နုန်းအနည်အနှစ်များ အနီးပတ်ဝန်းကျင်သို့ ရေစီးကြောင်းနှင့်အတူ မျောပါခြင်း မရှိစေရန်အတွက် လုံလောက်သော နုန်းဖမ်းကန်များ အဆင့်ဆင့် ထားရှိဆောင်ရွက်ရန်၊

(၅) စုပုံထားသော အပေါ်ယံမြေဆီလွှာများကို မိုးရေနှင့်အတူ မျောပါမှု မရှိစေရန် မြေထိန်းနံရံ (Retaining Wall) တည်ဆောက်ခြင်းနှင့် မိုးကာများ ဖုံးအုပ်ခြင်း တို့ကို ပြုလုပ်ပေးရန်၊

(၆) စီမံကိန်းမှထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှု စစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံ ထားရှိဆောင်ရွက်ရန်နှင့် ထွက်ရှိ လာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့် ဆောင်ရွက်ရန်၊

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်း ရေဆိုးများနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့် အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ထုတ်အရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၂.၇.၂ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၄) သတ္တုကဏ္ဍနှင့် အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေ၊ စံနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းချက်များ။** ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှု အစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရိစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများမရှိစေရေး ကြပ်မတ် ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးရေးဆိုင်ရာ စည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၁၃၊ သတ္တုတွင်းနည်းဥပဒေ ၁၄၇ (ဃ)၊ ၁၇၀ (ဂ)၊ ၁၇၄၊ ၁၇၆၊ ၁၇၇၊ ၁၇၈၊ ၁၈၀၊ ၁၈၁၊ ၁၈၄ (ခ)တို့နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့်ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး တို့ကို ဆောင်ရွက်ရန်၊

(၃) ယမ်းဖောက်ခွဲသည့်အချိန်တွင် မိုင်းလုပ်သားများ အကြားအာရုံထိခိုက်မှုမရှိစေရေး အတွက် မိုင်းလုပ်သားများအား (Personal Protective Equipment – PPE) ထောက်ပံ့ပေးရန်၊

(င) **သတ္တုတွင်းလုပ်ငန်းများအတွက် ရေရယူသုံးစွဲခြင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** သတ္တုတွင်းလုပ်ငန်းများအတွက် ရေရယူသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၁၆၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၅၂၊ ၁၅၃၊ ၁၅၄ ပါ သတ်မှတ်ချက်များကို အလေးထားလိုက်နာဆောင်ရွက်ရမည်။

(စ) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းရေးဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါ အချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဖောက်ခွဲခြင်းလုပ်ငန်းများ အပါအဝင် တည်ဆောက်ရေး လုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှုလမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့်ဖြစ်နိုင်သော အနှောက်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှု အပေါ် ထိခိုက်မှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင် အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှု ဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင် အထည်ဖော်ဆောင်ရွက်သွားရန်။

(ဆ) **မိုင်းပိတ်သိမ်းခြင်းဆိုင်ရာ စည်းကမ်းချက်များ။** မိုင်းပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများကို အစီရင်ခံစာတွင်ဖော်ပြထားသည့် သတ္တုတွင်း ပိတ်သိမ်းရာ၌ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ငန်းစတင် ဆောင်ရွက်စဉ်ကပင် ကြိုတင်စီစဉ်ထားရှိ လိုက်နာဆောင်ရွက်ရန်နှင့် စီမံကိန်း အဆိုပြုသူသည် မြန်မာ့သတ္တုတွင်းနည်းဥပဒေ ၁၈၆(ဃ)ပါ ပြဋ္ဌာန်းချက်နှင့် အညီ ပိတ်သိမ်းရန် စီစဉ်ထားသည့်အချိန်မတိုင်မီ ၁နှစ်ထက် နောက်မကျ စေဘဲ အပြီးသတ်ပိတ်သိမ်းခြင်းအစီအစဉ်ကို တင်ပြရန်၊

(၂) စီမံကိန်းကြောင့် ပျက်စီးသွားသည့်နေရာများတွင် ဒေသနှင့်ကိုက်ညီသည့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်နှင့် ရှင်သန်ကြီးထွားသည်အထိ အစီရင်ခံစာ၌ ဖော်ပြထားသည့် ကတိကဝတ်အတိုင်း တာဝန်ယူကြီးကြပ် ဆောင်ရွက်ရန်၊

(၃) ခွင့်ပြုလုပ်ကွက်အတွင်း၌ ဆက်လက်တူးဖော်ခြင်းမပြုတော့ပါက တူးဖော် ထားသည့် နေရာများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ လမ်းညွှန်ချက် နှင့်အညီ မြေညှိခြင်း၊ မြေပြုပြင်ခြင်း၊ အပေါ်ယံမြေဆီလွှာများ ဖုံးအုပ်ခြင်း၊ တစ်ကေလျှင် ဒေသနှင့် ကိုက်ညီသောနှစ်ရှည်ပင် အပင် ၂၀၀ ထက်မနည်း စိုက်ပျိုးခြင်းနှင့် အပင်များ ရှင်သန်ကြီးထွားသည်အထိ တာဝန်ယူဆောင်ရွက် ရန်၊

(၈) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ တစ်ဖက်ဖော်ပြပါကိစ္စရပ်များဖြစ်ပွားပါက ဝန်ကြီးဌာန သို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီး ခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေ စေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏ တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများ ဆောင်ရွက်ရန်ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက် မှုများကို ဖြစ်နိုင်သမျှဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့် အသိပေး တင်ပြရ မည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင် အပေါ် သက်ရောက်မှုဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီး ဌာနက အမြန်သိရှိရန်လိုအပ်သည့်အကြောင်း ကိစ္စရပ်ကို ၂၄ နာရီအတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့် အချိန်မှ ၇ ရက်အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်။

(၆) စီမံကိန်း၏အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာ

သည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတားဆီးရန် သို့မဟုတ် လျှော့ချရန်ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသောအချိန်ဇယားအတွင်းပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်။

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့်ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်။

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ပါဝင်တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်း အထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှု အတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့် စပ်လျဉ်း၍ ဖြစ်ပွားသော မတော် တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရသတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်း ချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက် ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤECCနှင့်အညီ ဆောင်ရွက် ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်း အစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ် နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဈ) **ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်း ဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသန နှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ် သတင်းပို့ အကြောင်းကြား ရမည်။

(ည) **လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်း လုပ်ငန်းများပြန်လည်တည်ထောင်ရေးနှင့်ပြန်လည်နေရာချထားရေးအစီအစဉ် များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊

အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်၊

(ဌ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်း အဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(ဍ) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရ အဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုး သက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက် မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့်

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ အချက်ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရမည်။ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်း ရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်း ရလဒ်များ၊ ကိရိယာဖြင့်တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ်အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများ စသည်တို့ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင် ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရမည်။ ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသားသဘောတူ ထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာ စုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ၆ လ တစ်ကြိမ်တင်ပြရန် နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ ၁၀ ရက် အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့်

စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူ သိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင် လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများ စသည့် အများပြည်သူ စုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများ ပြည်သူသိရှိနိုင်စေရန်တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျီတယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် ၁၀ ရက်အတွင်း ဒီဂျီတယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်း လုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း နှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက် ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်း သည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များ အားချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင် သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်း လုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်း ဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန်လိုအပ် သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယို ရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို

စစ်ဆေးခြင်း၊ ဒီဂျီတယ်စာတွဲများအပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင် စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်း အဆိုပြုသူမှ ကျခံရန်၊

(၁၀) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၀၆၊ ၁၀၇၊ ၁၀၈၊ ၁၀၉၊ ၁၁၀၊ ၁၁၁ တို့နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၁၁) စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၁၃၊ ၁၁၅၊ ၁၁၇ နှင့် ၁၂၂ ပါ သတ်မှတ်ချက်များအတိုင်း လိုက်နာ ဆောင်ရွက်ရန်။

(၃) **ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အတွက် လျာထားအသုံးစရိတ်ကို အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ထားရှိသုံးစွဲရမည်-

(၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ၊ နည်းဥပဒေများ ၂၉၊ ၃၀၊ ၃၁ အရ သဘာဝသယံဇာတများ ထုတ်ယူရောင်းဝယ်သုံးစွဲသည့် လုပ်ငန်းများမှ အကျိုးအမြတ်၏ တစ်စိတ်တစ်ပိုင်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း ရန်ပုံငွေသို့ ထည့်ဝင်ရန်၊

(၂) သတ္တုတွင်းပိတ်သိမ်းခြင်းကို မြန်မာ့သတ္တုတွင်းနည်းဥပဒေ၊ နည်းဥပဒေများ ၁၈၆ ပါ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ရန်နှင့် သတ္တုတွင်းနည်းဥပဒေ ၁၉၂ နှင့်အညီ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများ အတွက် ရန်ပုံငွေထူထောင်ထားရန်၊

(၃) ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများအပေါ် အရည်အသွေးထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုး တိုးတက်စေရေးအတွက် မြန်မာ့သတ္တုတွင်းနည်းဥပဒေ၊ နည်းဥပဒေများ ၁၈၉၊ ၁၉၀၊ ၁၉၁၊ ၁၉၂၊ ၁၉၃ တို့နှင့်အညီ လိုက်နာဆောင်ရွက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေ ထူထောင်ထားရှိရန်၊

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာ ဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူ သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ် သက်တမ်းမကုန်ဆုံးမီ ၆ လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ ၂ နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင် ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့် သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည် ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက် ကြောင့် စတင်နိုင်ခြင်း မရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန် ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလ အတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှ တစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ် ရရှိပြီး ၂ နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင် အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကို အသစ်ပြုလုပ် တင်ပြရန်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တစ်ဖက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်း ထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုး သက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချ နိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ တစ်ဖက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်း အဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သတ္တုတွင်းနည်းဥပဒေ ၁၉၂ (က) အရ နိုင်ငံတော်ပိုင် ဘဏ်တစ်ခုခုတွင် ရန်ပုံငွေတစ်ရပ်ကို ထူထောင်ထားရှိရန်၊ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်မှု သို့မဟုတ် ထိခိုက်ရန်အလားအလာရှိမှုများကို ကုစားပြင်ဆင်ရန် ချက်ချင်းဆောင်ရွက်သည့် လုပ်ငန်းများတွင် ထိုငွေရေးကြေးရေး အာမခံချက်ကိုအသုံးပြုရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေးအာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ် / ပြင်ဆင် တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်း၊

လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသောလွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများအားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှု မရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---